# အရေးကြီးသည့်အချက် – လက်မှတ်မထိုးမီ ကောင်းစွာဖတ်ရှုပါ

**မေးခွန်းများရှိပါသလား။ အိမ်ငှားရမ်းနေထိုင်သူ၏ အချက်အလက်များရယူနိုင်သည့် တိုက်ရိုက်ဖုန်းလိုင်းကို ဖုန်းခေါ်ဆိုရန်- (317) 327-2228**

## <u>အိမ်ငှားရမ်းနေထိုင်သူ၏ အခွင့်အရေးများနှင့် တာဝန်များအကြောင်း အသိပေးလွှာ</u>

**သင်သည် လူနေအိမ်ရာအငှားယူနစ်ကို ငှားရမ်းပါက အိမ်ငှားရမ်းနေထိုင်သူတစ်ဦးအနေဖြင့် အောက်ပါတရားဝင်<u>အခွင့်အရေးများ</u> ရှိပါသည်-**

- သင့်တွင် ဘေးကင်းလုံခြုံပြီး လူနေထိုင်နိုင်သောနေအိမ် ရရှိနိုင်သည့် အခွင့်အရေးရှိပါသည်။ ဆိုလိုသည်မှာ လူနေအိမ်ရာအငှားယူနစ်သည်-
    - သော့နိုင်သော တံခါးများနှင့် ပြတင်းပေါက်များပါရှိပြီး ဘေးကင်းလုံခြုံခြင်း
    - ကောင်းမွန်သည့် ရေပိုက်လိုင်း၊ ရေပူ၊ အပူပေးစနစ်နှင့် မီးခိုးငွေ့ထောက်လှမ်းသည့်ကိရိယာ အနည်းဆုံးတစ်ခု ပါရှိခြင်း
    - ဘေးကင်းလုံခြုံမှုကင်းမဲ့သော ဝိုင်ယာကြိုးသွယ်တန်းမှု သို့မဟုတ် ပလပ်ပေါက်များကင်းရှင်း၍ လုပ်ဆောင်အသုံးပြုနိုင်သော လျှပ်စစ်မီး
- သင့်အိမ်ရှင်သည် သိရှိထားသော ခဲပါဝင်သည့် ဆိုးဆေး သို့မဟုတ် ဘေးအန္တရာယ်များအကြောင်းကို သင့်အား ရှင်းပြရမည်။
- သင့်အိမ်ရှင်သည် အသုံးများသောနေရာများနှင့် ဓာတ်လှေကားများကို သန့်ရှင်းမှုရှိပြီး သုံးစွဲနိုင်သော အခြေအနေဖြင့် ထားရှိရမည်။
- သင့်တွင် သင့်နေအိမ်အတွင်း အခြေခံကိုယ်ရေးလုံခြုံမှုကို ပိုင်ဆိုင်ခွင့်ရှိသည်။ ယေဘုယျအားဖြင့် ဆိုလိုသည်မှာ-
    - သင့်အိမ်ရှင်သည် တရားရုံး၏ အမိန့်မပါဘဲ သင့်အား သော့ခတ်ပိတ်နှောင်၍မရနိုင်ပါ။
    - သင့်အိမ်ရှင်သည် အရေးပေါ်ကိစ္စများမှတစ်ပါး သတိပေးခြင်းမရှိဘဲ သင့်ယူနစ်အတွင်းသို့ ဝင်ရောက်ခွင့်မရှိပါ။
- သင့်အနေဖြင့် သင်၏ လူမျိုး၊ ကျား/မ၊ ကျား/မ ခံယူမှု၊ ယုံကြည်ကိုးကွယ်မှု၊ မွေးဖွားရာဇာတိ၊ အသက်အရွယ်၊ အသားအရောင်၊ မသန်စွမ်းမှုအခြေအနေ၊ မျိုးရိုး၊ မိသားစုအခြေအနေ၊ စစ်မှုထမ်းဟောင်းဆိုင်ရာ အခြေအနေ သို့မဟုတ် ပယ်ဖျက်ပြီးဖြစ်သည့် ရာဇဝတ်မှုကျူးလွန်ခြင်းအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။
- သင်သည် ကောင်းမွန်သည့် ညွှန်ကြားချက်ဖြင့် ယူနစ်မှ **ထွက်ခွာ၍** ပြောင်းရွှေ့လိုသည့် ဦးတည်ရာလိပ်စာကို စာဖြင့်ဖော်ပြပေးပို့ပါ သင့်အိမ်ရှင်သည် သင်အိမ်ပြောင်းရွှေ့ပြီးသည့် 45 ရက်အတွင်း သင်၏ အိမ်ငှားစပေါ်ငွေကို ပြန်ပေးရမည်။ သင့်အိမ်ရှင်သည် စပေါ်ငွေအပြည့်မှ

မည်သည့်ဖြတ်တောက်မှုများအတွက်မဆို တစ်ခုချင်းဖော်ပြရမည်။ သင်သည် အဆိုပါဖြတ်တောက်မှုများကို စောဒကတက်နိုင်သည်။

- သင် သို့မဟုတ် သင့်အိမ်ထောင်စုအတွင်းရှိ တစ်စုံတစ်ဦးသည် အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှု သို့မဟုတ် ခြိမ်းခြောက်ခြင်း၏ ဓားစာခံအဖြစ် ကျရောက်ထားပြီး တရားမရေးရာ အကာအကွယ်ပေးသည့် အမိန့် သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာအရ ပတ်သက်ကျူးလွန်မှုမရှိစေရန် ခံဝန်အမိန့်ကို လျှောက်လဲထားပါက သင့်တွင် ထပ်ဆောင်းအခွင့်အရေးများ ရရှိနိုင်သည်။

**သင့်တွင် အိမ်ငှားရမ်းနေထိုင်သူတစ်ဦးအနေဖြင့် သီးသန့်<u>တာဝန်များလည်း</u> ရှိသည်-**

- အိမ်ငှားရမ်းနေထိုင်သူများသည် အိမ်ငှားခကို ပေးချေရန် အင်ဒီယားနားပြည်နယ် ဥပဒေက တောင်းဆိုထားသည်။ **သင့်အနေဖြင့် ရှေ့နေနှင့် ဦးစွာ ဆွေးနွေးအကြံဉာဏ်မယူဘဲ သင့်အိမ်ရှင်အား ပြုပြင်မှုများပြုလုပ်ရန် သို့မဟုတ် သင်ငှားရမ်းထားသည့်ယူနစ်ကို ဆက်လက်ငှားရမ်းစေရန် တွန်းအားပေးသည့်အနေဖြင့် သင့်အိမ်ငှားရမ်းစာချုပ်အရ သင့်အနေဖြင့် ပေးရန်ရှိသည့် အိမ်ငှားခ သို့မဟုတ် အခြားငွေပမာဏများ ပေးချေမှုကို ရပ်တန့်ရန် မသင့်ပါ။**
- သင်နှင့် သင့်ဧည့်သည်များက သင်ငှားရမ်းထားသည့်ယူနစ်နှင့် သင့်အဆောက်အဦး၏ အများဆိုင်ဧရိယာများရှိ ထောက်ပံ့စနစ်များ၊ အိမ်သုံးပစ္စည်းများနှင့် အင်္ဂါရပ်များကို ဘေးကင်းလုံခြုံမှုရှိရှိ ကျိုးကြောင်းခိုင်လုံစွာ အသုံးပြုရမည်။
- သင်သည် သင့်အိမ်ငှားရမ်းမှုဆိုင်ရာ သဘောတူညီချက်နှင့် သင့်အိမ်ရှင်၏ အခြားသော ပိုင်ဆိုင်မှုဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။
- သင်သည် မီးခိုးငွေ့ထောက်လှမ်းသည့်ကိရိယာကို သင်ငှားရမ်းထားသည့်ယူနစ်အတွင်း အသုံးပြုနိုင်သည့်ပုံစံဖြင့် ထိန်းသိမ်းထားရှိရမည်။
- သင့်ယူနစ်သည် ပြုပြင်မှုများပြုလုပ်ရန် လိုအပ်သည့်အခါ သင့်အိမ်ရှင်ကို သတိပေးရမည်ဖြစ်ပြီး အဆိုပါပြုပြင်မှုများကို ပြုလုပ်ရန်အတွက် ကျိုးကြောင်းခိုင်လုံသည့် အချိန်များ၌ နေအိမ်အား ဝင်ရောက်အသုံးပြုခွင့်ကို သင်က သင့်အိမ်ရှင်အား ပေးရမည်။
- သင့်အနေဖြင့် သင့်ယူနစ် သို့မဟုတ် ၎င်း၏ မရွှေ့ပြောင်းနိုင်သော အသုံးအဆောင်များကို ဖျက်ဆီးခြင်း သို့မဟုတ် လူမြင်မကောင်းအောင်မပြုရသည့်အပြင် သင့်ယူနစ်ကို သာမန်ယိုယွင်းပျက်စီးမှုနှင့် စုတ်ပြဲမှုတို့မှ ကင်းဝေးစေပြီး ကောင်းမွန်သည့်အခြေအနေနှင့် ကျန်ရစ်စေရမည်။

**သင့်အခွင့်အရေးများနှင့် တာဝန်များအကြောင်းကို ပိုမိုသိရှိနိုင်ရန် သို့မဟုတ် အကူအညီရယူရန် အိမ်ငှားရမ်းနေထိုင်သူ၏ အချက်အလက်များရယူနိုင်သည့် တိုက်ရိုက်ဖုန်းလိုင်း၊ (317) 327-2228 သို့ ခေါ်ဆိုခြင်းပါ။ တိုက်ရိုက်ဖုန်းလိုင်းကို အလုပ်ဖွင့်ရက်များတွင် နံနက် 8 နာရီ မှ ညနေ 5 နာရီအထိ ခေါ်ဆိုနိုင်ပါသည်။**

**ဤအခွင့်အရေးများနှင့် တာဝန်များကို သင်က ဥပဒေအရ ရပိုင်ခွင့်ရှိသည်။ ကျန်းမာရေးဌာနအား ဆက်သွယ်ခြင်း သို့မဟုတ် အိမ်ငှားရမ်းနေထိုင်သူဆိုင်ရာ အချက်အလက်များ တိုက်ရိုက်ဖုန်းလိုင်းအား ခေါ်ဆိုခြင်းပါဝင်သည့် သင့်အခွင့်အရေးများနှင့် ပတ်သက်၍ မေးမြန်းခြင်း သို့မဟုတ် အသုံးပြုခြင်းတို့အပေါ် သင့်အိမ်ရှင်အနေဖြင့် လက်တုန့်ပြန် ဖြေရှင်းခွင့်မရှိပါ။**

**သင်သည် သင့်အိမ်ငှားရမ်းစာချုပ်ကို သက်တမ်းတိုးလျှင် နှင့် သက်တမ်းတိုးသည့်အခါ အသိပေးလွှာကို သင်က သုံးသပ်မှုပြုလုပ်ပြီး လက်မှတ်ရေးထိုးခြင်း၊ သင့်အား သက်တမ်းတိုးထားသည့် သင့်အိမ်ငှားရမ်းစာချုပ်ကို ပေးခြင်းနှင့် သင်၏ လက်မှတ်ထိုးထားသော သတိပေးချက်ကို သင်အိမ်ငှားရမ်းနေထိုင်သူဖြစ်သည့်အချိန်တစ်လျှောက်လုံး ဖိုင်ဖြင့် ထိန်းသိမ်းခြင်းတို့အတွက် သင့်အိမ်ရှင်အနေဖြင့် တာဝန်ရှိသည်။**

အရေးကြီးသည့်အချက်– လက်မှတ်မထိုးမီ ကောင်းစွာဖတ်ရှုပါ

**<u>အသိအမှတ်ပြုဖော်ပြချက်</u>**

အောက်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် ကျွန်ုပ်၏ အိမ်ရှင်သည် ကျွန်ုပ်အား အထက်ပါ အသိပေးလွှာကို ပေးပြီးဖြစ်ကြောင်း၊ ကျွန်ုပ်ကလည်း အသိပေးလွှာကို လက်ခံရရှိကြောင်းနှင့် ကျွန်ုပ်၏ အိမ်ရှင်သည် ကျွန်ုပ်၏ မှတ်တမ်းများအတွက် ထိန်းသိမ်းရန် ဤအသိပေးလွှာ၏ မိတ္တူကို ပေးအပ်ပြီးဖြစ်ကြောင်း အသိအမှတ်ပြုဖော်ပြပါသည်။

ဤအသိပေးလွှာ၏အား အိမ်ငှားရမ်းနေထိုင်သူတစ်ဦးအတွက် အခွင့်အရေးများနှင့် တာဝန်များအကြောင်း အကျဉ်းအနှစ်ချုပ်ဖော်ပြချက်အဖြစ် ရည်ရွယ်ပြုလုပ်ထားသည်ဖြစ်ပြီး

ကျွန်ုပ်အနေဖြင့် ကျွန်ုပ်၏ အခွင့်အရေးများနှင့် တာဝန်များအကြောင်း ပိုမိုအသေးစိတ်ကျသော အချက်အလက်များကို ရယူလိုပါက အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ သို့မဟုတ် အိုးအိမ်ကိစ္စရပ်များရှိ အခြားကျွမ်းကျင်သူထံတွင် ဆွေးနွေးအကြံဉာဏ်ယူသင့်သည်။

*သင့်အိမ်ရှင်က သင့်အတွက် မှတ်တမ်းများအဖြစ် ထိန်းသိမ်းရန် ဤအသိပေးလွှာမိတ္တူကို မပေးလျှင် လက်မှတ်မထိုးပါနှင့်။*

အိမ်ငှားရမ်းနေထိုင်သူ၏ အမည်- ________________________________

အိမ်ငှားရမ်းနေထိုင်သူ၏ လက်မှတ်- ______________________________

ရက်စွဲ- ___________________________